**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

**၂၆ ရက်မြောက်နေ့အစီအစဉ်**

**[ ၁၃-၃-၂၀၁၃ ] (ဗုဒ္ဓဟူးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **ယခင်အစိုးရလက်ထက်က စစ်ခုံရုံးများဖြင့် စစ်ဆေးစီရင် ပြစ်ဒဏ်ချမှတ်ခဲ့သည့် ကိစ္စရပ်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများအား အင်္ဂါစဉ်အမည်စာရင်းတွင် မည်သည့်အတွက်ကြောင့် ထည့်သွင်းခြင်း မပြုသည်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးအောင်သိန်း၊ ရွာငံ မဲဆန္ဒနယ်၏ **ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျေးရွာများမီးလင်းနိုင်စေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီပေးမည့်အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးဖြိုးမင်းသိန်း၊ လှည်းကူး မဲဆန္ဒနယ်၏ **လျှပ်စစ်မီးလုံလောက်စွာရရှိနိုင်စေရန် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ပြည်ပမှ ဝယ်ယူပြီး ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ **အသေးစား၊ အလတ်စား ရေအား လျှပ်စစ်ထုတ်လုပ်ရာတွင် (B.O.T)စနစ်ဖြင့် အများပိုင် ကုမ္ပဏီများအား ခွင့်ပြုအကောင်အထည်ဖော် ဆောင်ရွက်မှု**နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးအေးဖေ၊ ကိုကိုးကျွန်း မဲဆန္ဒနယ်၏ **ဧရာဝတီမြစ် ပြုပြင် ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာ ရှေ့အလား အလာများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်(ကိုယ်စား) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ် ၏ **၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစ၍သတ်မှတ်ထားသော ချင်းတွင်း ဌာနခွဲ၏ကုန်တင်ခနှုန်းထားအား မြစ်ဝကျွန်းပေါ် ဌာနခွဲနှင့်နှုန်းထား တန်းတူ သတ်မှတ်နိုင်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဇ ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **မြစ်ကြောင်းများကို ပြုပြင် ထိန်းသိမ်းမှု ပြုလုပ် ဆောင်ရွက်ခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"အမျိုးသား အစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၂၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။